# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 20, 2019 Volume 23, Number 15


**၂၀.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၄/- ကျပ် |
| CBM Rate | = ၁၅၃၄.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၂.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၂.၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၈၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၁၉ ခုနှစ် ဇူလိုင်တွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၃၅ ရာခိုင်နှုန်း ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်း ၁၆ လဆက်တိုက်မြင့်တက်နေ



၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့် ဇွန်လတွင် ဖြစ်ပေါ်ခဲ့သည့် ငွေကြေးဖောင်းပွမှုနှုန်းထက် ရာခိုင်နှုန်း အနည်းငယ် ဆက်လက်မြင့်တက်လာကြောင်းနှင့် ငွေကြေး ဖောင်းပွမှုနှုန်း ဆက်တိုက်ပြန်လည် မြင့်တက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သည့် စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတွင် ဖော်ပြထားချက်အရ သိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တစ်နှစ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ပြီး၂၀၁၉ ခုနှစ် ဇွန်လရှိ ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၀၈ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်း ဆက်လက်မြင့်တက်လာခြင်း ဖြစ်ကြောင်း ဗဟိုစာရင်းအင်း အဖွဲ့က ထုတ်ပြန်ထားသည်။ ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ငွေကြေးဖောင်းပွမှုနှုန်း ၁၆ လ ဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ တစ်နှစ်ပျမ်းမျှ ၈ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း Year on Year Inflation မှာ ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း မကွေးတိုင်းဒေသကြီးတွင် ၁၂ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့တွင် ၉ ဒသမ ၉၆ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ခဲ့ကာ မွန်ပြည်နယ်တွင် ၉ ဒသမ ၉၁ ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံးဖြစ်ခဲ့ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၅ ဒသမ ၂၄ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြောင်းလဲ တွက်ချက်တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင် စုပေါင်း ၃၂၆၆၉ ကို စစ်တမ်းကောက်ယူခဲ့ကြောင်းသိရသည်။ ယခင်က ၂၀၀၆ ခုနှစ်ကိုအခြေခံ၍ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်ခဲ့သော်လည်း ယခုအခါ ၂၀၁၂ ခုနှစ်စစ်တမ်းအပေါ် အခြေခံ၍အခြေခံနှစ် Base Year အား ပြောင်းလဲတွက်ချက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ တစ်နှစ်ပျမ်းမျှ ၈ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၉ ခုနှစ် ဇွန်လအထိ တစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၀၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၂၇ ရာခိုင်နှုန်း ပိုမိုလာကြောင်း သိရသည်။ ၂၀၁၈ ခုနှစ် မေလမှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မေလတွင် ၄ ဒသမ ၂၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ၈ ဒသမ ၃၅ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျရန် ဘဏ္ဍာရေး၊ ငွေကြေး၊ ကုန်သွယ်ရေးနှင့် နိုင်ငံခြားငွေ ထိန်းချုပ်ရေးမူဝါဒများအပေါ်အခြေခံပြီး မဖြစ်မနေဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဒုတိယ ကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်)တွင် ဖော်ပြထားချက်အရသိရသည်။

ငွေကြေးဖောင်းပွမှုနှုန်းသည် ပထမကာလတို ငါးနှစ်စီမံကိန်း (၂၀၁၁ -၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် တိုးတက်ခဲ့ခြင်းကြောင့် ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်) တွင် လက်ရှိဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျစေရေးအတွက် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေး မူဝါဒနှင့် နိုင်ငံခြားငွေထိန်းချုပ်ရေးမူဝါဒများအပေါ်အခြေခံ၍ ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်ရေးကိစ္စရပ်များအား မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/135547

## အရက်အမျိုးမျိုးအတွက် အခွန် ၆၀ ရာခိုင်နှုန်းကောက်မည်



လက်ရှိဈေးကွက်တွင်းရောင်းချနေသည့် အရက်အမျိုးမျိုးအတွက် အခွန် ၆၀ ရာခိုင်နှုန်းကောက်ခံသွားမည် ဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် သဘောတူခဲ့သည်။ ၂၀၁၉ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာတွင် မဲခွဲဆုံးဖြတ်ခဲ့ပြီး နောက် သဘောတူခဲ့ခြင်းဖြစ်သည်။ စီးကရက်တောင် ၁၂၀ ရာခိုင်နှုန်း ကောက်တယ်။ အရက်ဆိုရင် ၆၀ရာခိုင်နှုန်းကောက်ပါတယ်ဟု ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

၂၀၁၉ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတွင် ဘီယာအမျိုးမျိုးအတွက် ၆၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ပြီး ဝိုင်အမျိုးအမျိုးအတွက် ၅၀ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။ မူလအခွန်အကောက် ဥပဒေကြမ်းတွင် အရက်အမျိုးမျိုးအတွက် အလွှာ ၁၆လွှာခွဲခြားထားပြီး တစ်လီတာ တန်ဖိုး ၁၅၀၀၀ကျပ်ဖြစ်လျှင် အခွန် ၆၀ရာခိုင်နှုန်း ကောက်ခံရန်ဖော်ပြထားပြီး ယခုကဲ့သို့ ပြင်ဆင်ခဲ့သည့်အတွက် အလွှာအသီးသီးတွင် အခွန်နှုန်းတူညီ သွားမည်ဖြစ်ကြောင်းသိရသည်။ အဲ့တော့ဒီလို အခွန်ကောက်တဲ့နေရာမှာလည်း Inport ရော Export ရော အတူတူပါပဲ။ ပြည်တွင်းကို တင်သွင်းတဲ့အတွက်ကြောင့် လျှော့ပြီးတော့ကောက်ခံနေရင် ပြည်တွင်းကနေပြည်ပကိုတင်ပို့တဲ့ အတွက်ကြောင့် လျှော့ပြီး ကောက်ခံတယ်ဆိုတာ လုပ်လို့မရပါဘူးဟု ဒေါက်တာမြတ်ဉာဏစိုးကပြောသည်။ ထို့အပြင် တစ်လီတာဈေးနှုန်း ကျပ် ၁၅၀၀၀ကျပ်နှင့်အထက်အတွက် အခွန် ၃၀ ရာခိုင်နှုန်း ကောက်ခံပါက အထူးကုန်စည်ခွန်တွင် အခွန်ပိုမိုကောက်ခံ ရရှိသွားမည်ဖြစ်ကြောင်း စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုဦးကဆွေးနွေးသည်။

အထက်ပါနှုန်းထားအတိုင်းကောက်ခံပါက သွင်းကုန်အခွန် ၄၀ရာခိုင်နှုန်း အပါအဝင် ကုန်သွယ်လုပ်ငန်းခွန် ပေါင်းစပ်လိုက်ပါက အခွန်မှာတင် ၁၀၀ ရာခိုင်နှုန်းကျော်သွားမှာဖြစ်ပါတယ်။ ထိုသို့ကျော်လွန်သွားလျှင် တင်သွင်းမှုမှာ ဈေးကွက်အတွင်း ရှင်သန်ရန်မလွယ်ကူတော့ရှိတော့မည်မဟုတ်ပါဟု ဦးဘိုဘိုဦးကပြောသည်။ ထိုသို့ဆောင်ရွက်မှုများကြောင့် အရက်တင်သွင်းသည့် တရားမဝင်လမ်းကြောင်းများ၊ အတုအပများ ဈေးကွက်အတွင်း များစွာပေါ်လာပြီး အခွန်ရလမ်းလည်း နည်းသွားနိုင်ကြောင်း ဦးဘိုဘိုဦးကထောက်ပြခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/60648

## ပဲပုပ်ကို စီးပွားဖြစ်သီးနှံအဖြစ် အစားထိုးစိုက်ပျိုးလာရေး ကချင်ပြည်နယ်တွင် စီမံချက်များ ချမှတ်ဆောင်ရွက်မည်



ကချင်ပြည်နယ်တွင် စပါးစိုက်ပျိုးပြီးစီးပါက ပဲပုပ်ကို စီးပွားဖြစ်သီးနှံအဖြစ် အစားထိုးစိုက်ပျိုးလာစေရန် စီမံချက်ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။ကချင်ပြည်နယ်မှာ စပါးပြီးရင် ပဲပုပ်ကို သီးထပ်စိုက်ဖို့ လုပ်သွားမယ်။ ရှမ်းပြီးရင် ကချင်က ပဲပုပ်အများဆုံးဖြစ်ထွန်းတယ်။ မိုးညှင်းမှာပိုများတယ်။ ကချင်ပြည်နယ်ရဲ့ ရာသီဥတု၊ ရေမြေသဘာဝတို့နဲ့ ကိုက်ညီတယ်။ စီမံချက်အနေနဲ့ စပါးပြီးရင် ပဲပုပ်ကိုသီးထပ် အဖြစ် စိုက်ဖို့ရှိတယ်။ ဈေးကွက်ကရှိပြီးသား၊ ပဲနို့ထုတ်လို့ရတယ်။ တိရ စ္ဆာန်အစာထုတ်လုပ် တယ်။ ကချင်မြေသားက အစိုဓာတ်ရှိတယ်လေ။ စပါးပြီးရင် အခြေအနေအကောင်းဆုံးက ပဲပုပ်ပဲ၊ စပါးပြီးရင် အစိုရှိတော့ရေမလိုသေးဘူး။ ထွန်ယက်စိုက်ပျိုးနိုင်တယ်။ စိုက်ပျိုးရေရရှိရေးအတွက်လုပ်ပေးမယ်ဟု ကချင်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်းကရှင်းပြသည်။

ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရေး တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဝေပေးရန် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ကချင်ပြည်နယ်တွင် မိုးနှင့်ဆောင်းသီးနှံနှစ်မျိုးစိုက်ပျိုးပြီး မိုးပဲပုပ်ကို ဧက ၂၃၉၀ခန့်နှင့် ဆောင်းပဲပုပ်ကို ဧက ၁၂၂၆၀ စိုက်ပျိုးပြီး မိုးနှင့်ဆောင်း ပဲပုပ်စုစုပေါင်းဧက ၁၄၆၅၀ စိုက်ပျိုးထုတ်လုပ်ကြောင်း ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ပဲပုပ်တစ်တင်းကို ဈေးက ၁၆၀၀၀ ကနေ ၂၀၀၀၀ လောက်ရှိတယ်။ ဒေသတွင်းမှာရှိတဲ့ ကုန်သည်တွေကဝယ်ပြီး မန္တလေးကို တင်ပို့ရောင်းချပါတယ်။ တောင်သူတွေအမြင်ကတော့ ပဲပုပ်ကို စိုက်ရပျိုးရလွယ်တယ်။ အကြမ်းလည်းခံတယ်။ လယ်ယာလုပ်သား သုံးစွဲရတာလည်းနည်းတယ်။ အထွက်နှုန်းလည်းများတော့ တိုးချဲ့စိုက်ပျိုးဖို့ စိတ်ဝင်စားနေကြတယ်။ တစ်ဧကကို အမြင့်ဆုံးအထွက်နှုန်းတင်း ၃၀ လောက်ထွက်တာကို တွေ့ရတယ်ဟု ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်ကြီးကပြောဆိုသည်။

ပဲပုပ်စိုက်တောင်သူများအနေဖြင့် ဆောင်းပဲပုပ်စိုက်ရာသီတွင် ရေလိုအပ်လျက်ရှိခြင်းကြောင့် ရေရရှိအောင်လုပ်ဆောင်ပေးစေလိုကြောင်း ကချင်ပြည်နယ်မှ ပဲပုပ်စိုက်တောင်သူတို့က ပြောဆိုခဲ့သည်။ ကချင်ပြည်နယ်တွင် ဆောင်းပဲပုပ်ဧက ၁၂၂၆၀ စိုက်ပျိုးပြီး ၁၉ ဒသမ ၁၈ တင်းထွက်ရှိကာ မိုးပဲပုပ် ၂၃၉၀ ဧက စိုက်ပျိုးပြီး ၁၄ ဒသမ ၈၂တင်း ထွက်ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/128599.html

## အီးယူနှင့် ဟောင်ကောင်သို့ မြန်မာ့ရွှေများ စတင်ပို့မည်

အီးယူနိုင်ငံများနှင့်ဟောင်ကောင်သို့ မြန်မာနိုင်ငံမှ ရွှေဆိုင်းနှင့်အခေါက်ရွှေများ စတင်ပို့နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က စက်တင်ဘာ ၁၇ ရက်က ပြောဆိုသည်။ တင်ပို့ဖို့အတွက် အသင်းကခွင့်ပြုပေးလိုက်ပြီ။ ရွှေဆိုင်းက အီးယူကိုပို့မယ်။ အီးယူမှာတော့ ဘုရားရွှေကပ်မှာ မဟုတ်ဘူး။

အလှဆင်ပစ္စည်းတွေပေါ့။ စားပွဲ၊ ကုလားထိုင်ပစ္စည်းတွေမှာ ပြန်ကပ်သုံးမှာ။ ဟောင်ကောင်ကတော့ ပြည်တွင်းကုမ္ပဏီတစ်ခုက ဒီကရွှေပို့ပြီး 3D လက်ဝတ်လက်စားတွေပြန်သွင်းမှာ။ 3D က တစ်လကို သုံး၊ လေးမျိုး လောက်ပေါ်နေတာကိုး။ ဒီဇိုင်းထွက်သလောက်တော့ သွင်းမှာပေါ့ဟု ၎င်းကပြောဆိုသည်။



ရွှေများစတင်ပို့နိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီနှစ်ခုက ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် တင်သွင်း၊ တင်ပို့ခြင်းများ ပြုလုပ်ရန်အတွက် ဈေးနှုန်း၊ အချိန်နှင့် ငွေပေးငွေယူစသည့် အရောင်းအဝယ်ကိစ္စများအတွက် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ ဟောင်ကောင်သို့ အခေါက်ရွှေများတင်ပို့ကာ အသစ်အဆန်းထွက်ရှိသည့် လက်ဝတ်လက်စားများကို ပြန်လည် တင်သွင်းရောင်းချမည်ဖြစ်ပြီး ပမာဏအနည်းငယ်ကိုသာ ပြန်လည်တင်ပို့၊ တင်သွင်းနိုင်မည်ဖြစ်ကြောင်း ယင်းအသင်းမှသိရသည်။ ရွှေကို နိုင်ငံတကာနှင့်ချိတ်ဆက်၍ တင်ပို့၊ တင်သွင်းမှုများပြုလုပ်နိုင်ပါက ပြည်တွင်းတွင် အရောင်းအဝယ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံများလည်း ရရှိလာမည်ဖြစ်ကာ အလုပ်အကိုင်များလည်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောဆိုသည်။

ထို့အပြင် ရွှေလက်ဝတ်ရတနာ၊ ရွှေနှင့်ပြုလုပ်သည့် အနုပညာပစ္စည်းများတင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းစင်တာ (OSSC) ကိုလည်း ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း ကုန်သည်စက်မှုအသင်းချုပ်ငါးလွှာရှိ မြန်မာ့ရွှေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်တွင် ဖွင့်လှစ်ထားကြောင်း ယင်းအသင်းမှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/128580.html

## ဂျပန်၊ တရုတ်နှင့် ဥရောပမော်တော်ယာဉ် မော်ဒယ်သစ်များ ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်

တိုယိုတာ Majesty၊ မစ်ဆူဘီရှီ Xpander၊ တရုတ် ဂျီအေစီ GS 5 ၊ GM 6 နှင့် New Range Rover Evoque ကားသစ်များကို စတင်ရောင်းချနေပြီဖြစ်သည်။ Ford Myanmar ကုမ္ပဏီကပြည်တွင်းကား ဈေးကွက်တွင် New ford Eco Sport ကို စက်တင်ဘာ ၂၁ ရက်တွင် မိတ်ဆက်မည်ဟု ကြေညာခဲ့သည်။ ပြည်တွင်း ကားမူဝါဒ အပြောင်း အလဲကြောင့် တစ်ပတ်ရစ်ယာဉ်တင်သွင်းခွင့်တွင် ညာမောင်းယာဉ်ကိုပိတ်သိမ်းပြီး ဘယ်မောင်းဖြစ်လျှင် အနည်းဆုံး ၂၀၁၆ မော်ဒယ်ဖြစ်ရမည့်သတ်မှတ်ချက်ကြောင့် မော်တော်ယာဉ်အရောင်းပြခန်းများဖွင့်ထားသည့် ပြည်ပကုမ္ပဏီများ၏ ရောင်းအား မြင့်တက်လာသည်။

မြန်မာနိုင်ငံ မော်တော်ယာဉ်ဈေးကွက်တွင် ကားအသစ်များကို ၂၀၁၉ ခြောက်လပတ်အတွင်း အစီးရေ ၈၉၀၀ ခန့် ရောင်းချနိုင်ပြီး ယခင်နှစ်ကာလတူထက် ၂၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု အာဆီယံမော်တော်ယာဉ်အသင်းက ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံ၌ ၂၀၁၆ က ကားသစ် ၄၁၆၈ စီး၊ ၂၀၁၇ တွင် ၈၂၂၅ စီး၊ ၂၀၁၈ ၌ ၉၂၉၉ စီးနှင့် ၂၀၁၉ ဇွန်လ အထိ ၈၈၅၉ စီးရောင်းချနိုင်ခဲ့ကြောင်း အာဆီယံမော်တော်ယာဉ်အသင်းကဆိုသည်။ ပြည်တွင်းမော်တော်ယာဉ် ဈေးကွက် နှင့် မော်တော်ယာဉ်ရောင်းအားမြင့်တက်ခြင်းကြောင့် တိုယိုတာက သီလဝါစက်မှုဇုန်တွင် မော်တော်ယာဉ်စက်ရုံ လာရောက်ဖွင့်မည်ဟု ပြီးခဲ့သည့်ဇွန်လအတွင်း ကြေညာခဲ့သည်။ ကနဦးတွင် ဒေါ်လာသန်း ၅၀ ကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး Hilux အစီးရေ ၂၅၀၀ ထုတ်လုပ်မည်ဟု တိုယိုတာကဆိုသည်။

**Source:** https://7daydaily.com/story/166593

## သုံးပတ်အတွင်း ဒေါ်လာတန်ဖိုး ပြန်တက်

ဒေါ်လာတန်ဖိုးသည် စက်တင်ဘာ၁၉ရက် နေ့လယ်က တစ်ဒေါ်လာလျှင် ၁,၅၄၀ ကျပ်သို့ မြင့်တက်ပြီး ယခုလသုံးပတ်အတွင်း တစ်ဒေါ်လာလျှင် ၂ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာသည်။
နိုင်ငံတကာ ဈေးကွက်တွင် ဒေါ်လာတန်ဖိုးတက်သော်လည်း ရွှေဈေးကျပြီး တစ်အောင်စလျှင် ၁,၄၉၆ ဒေါ်လာခန့် ရှိသည်။

ရွှေနှင့် ကန်ဒေါ်လာတန်ဖိုးက နိုင်ငံတကာ ဈေးကွက်တွင် အများအားဖြင့် ပြောင်းပြန်ဖြစ်လေ့ရှိ သည်ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

နိုင်ငံတကာတွင် ဒေါ်လာတန်ဖိုးအနည်းငယ် ပြန်လည်မာလာခြင်း၊ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းမှ ပို့ကုန်တင်ပို့နိုင်မှု လျော့နည်းသဖြင့် ဒေါ်လာအဝင်နည်းခြင်းကြောင့် ပြည်တွင်းငွေကြေး ဈေးကွက်၌ ဒေါ်လာတန်ဖိုး မြင့်တက်နေခြင်း ဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

နိုင်ငံတကာ အခြေအနေကြောင့် ဒေါ်လာတန်ဖိုးက ယခုရက်ပိုင်း အနည်းငယ် ဆက်လက် မြင့်တက်နိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့က ခန့်မှန်းသည်။

ပုဂ္ဂလိကဘဏ်များ၊ ငွေလဲကောင်တာများနှင့် ပြင်ပငွေကြေးဈေးကွက်တွင် ဒေါ်လာဈေးမြင့် တက်နေသော် လည်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းသည် စက်တင်ဘာ ၁၉ ရက်တွင် တစ်ဒေါ်လာ ၁,၅၃၆ ကျပ် သတ်မှတ်ခဲ့သည်။

ဒေါ်လာတန်ဖိုး အပြောင်းအလဲဖြစ်နိုင်သော်လည်း ပြည်တွင်း အခေါက်ရွှေဈေးသည် စက်တင်ဘာ ၁၉ ရက် နေ့လယ်က တစ်ကျပ်သားလျှင် ကျပ် ၁,၂၃၀,၀၀၀ ခန့် ဈေးဖွင့်ခဲ့သည်။

ပြည်တွင်း ဈေးကွက်တွင် ရွှေဈေးနှုန်းက နှစ်ပတ်အတွင်း ကျပ် ၇၇,၀၀၀ ခန့် ဈေးကျဆင်းလာသည်။

စက်တင်ဘာ ၅ ရက် တွင် ပြည်တွင်းရွှေဈေးက စံချိန်တင် တစ်ကျပ်သားလျှင် ကျပ် ၁,၃၀၇,၀၀၀ ဈေးရှိသည်။

**Source:** https://7daydaily.com/story/166596

## ကံမမြို့နယ်ရှိ ကြက်မွေးမြူရေးခြံသမားများ ဖောက်သည်ဈေးကျနေ၍ အရှုံးပေါ်



မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ အသားတိုး ကြက်မွေးမြူရေးခြံများတွင် ခြံအထိလာသိမ်းသည့် ဖောက်သည်ဈေး လျော့နည်းနေသောကြောင့် ဒေသတွင်းကြက်မွေးမြူသူများ အရှုံးပေါ် လျက်ရှိသည်။ ကြက်ခြံများအထိ ကြက်လာဖမ်း၍ သိမ်းသောဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၆၀၀ သာ ဈေးရသောကြောင့် ၎င်းတို့ မွေးမြူထားသည့် ကုန်ကျစရိတ်နှင့်နှိုင်းယှဉ်ပါက အရှုံးပေါ်နေခြင်း ဖြစ်သည်။ ဈေးကွက်က ဈေးကျနေရင် ကျွန်တော်တို့ အခက်အခဲ ဖြစ်နေတာပေါ့။ ကြက်ပေါက်တစ်ကောင်ကိုလည်း ကိုးရာ၊ တစ်ထောင် ပေးပြီး ဈေးကြီးကြီးပေးဝယ်ရတယ်။ စပ်စာဈေးကျတော့လည်း မကျဘူး။ ရာသီဥတုကဖောက်ပြန်ပြီဆိုရင်လည်း ရောဂါထူတယ်။ ဝမ်းပျက်ဝမ်းလျှောတွေရှိတယ်။ ဈေးမကောင်းဘူးဆို အရှုံးပေါ် တယ်။ ဈေးကောင်းရင်တောင် လုပ်တတ်ကိုင်တတ်မှ အဆင်ပြေတယ်ဟု နတ်မီးတောက်ကျေးရွာအုပ်စု ကြပ်ကြီးကျေးရွာမှ ကြက်ကောင်ရေ ၂၇၀၀ မွေးမြူထားသူ ကိုမင်းမင်းက ပြောဆိုသည်။ ကြက်သက်တမ်းမှာ ကြက်ပေါက်စတင်မွေးမြူချိန်မှ ရောင်းချချိန်အထိ သက်တမ်း ၄၅ ရက်ကြာမြင့်ပြီး ကြက်ပေါက်တစ်ကောင်လျှင် ကျပ် ၉၀၀ နှင့် ကျပ် ၁၀၀၀ ကြားပေးဝယ် ရကာ ကြက်စာမှာလည်း တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ပေါက်ဈေးရှိသည်။ ရာသီဥတုဒဏ်နဲ့ ကြက်ကိုပြုစုပျိုးထောင်ရတဲ့ စရိတ်တွေရှိသေးတယ်။ ဒါတွေမပါသေးဘူး။ ရာသီဥတုဖောက်ပြန်ရင် ကြက်အသေအပျောက်ကလည်းရှိတယ်။ တစ်နယ်လုံး အရှုံးပေါ်တဲ့သူတွေကြီးပဲ။ ဒီပုံစံတိုင်းပဲသွားမယ် ဆိုရင်တော့ ကျွန်တော်တို့ မွေးမြူရေးလုပ်ငန်းနားပစ်ရမယ့်ပုံဖြစ်နေတယ်။ အရှုံးပဲအမြဲတမ်းပြနေတယ်ဟု သပြင်ဆောင် ကျေးရွာမှ ကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားသူ ကိုသန်းစိုးကပြောဆိုသည်။

ကံမမြို့နယ်တွင် အလတ်လယ်၊ သပြင်ဆောင်၊ နတ်မီးတောက်၊ တောမကုန်း စသည့် ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများနှင့် ကံမမြို့အနီးတစ်ဝိုက်တို့တွင် ကြက်ခြံလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြကြောင်း၊ ကြက်ခြံ ကုန်ကျစရိတ်များ အရ ကြက်တစ်ပိဿာလျှင် ကျပ် ၃၀၀၀ နှင့်အထက်ရမှသာ လုပ်ငန်းအဆင်ပြေမည် ဖြစ်ကြောင်း ကြက်ခြံလုပ်ငန်းရှင်များထံမှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/128600.html

## ကုန်သွယ်ခွန် သက်သာခွင့်ရမည့် ကျောက်မျက်ရတနာပြပွဲ မန္တလေးတွင်ပြုလုပ်မည်




အောက်တိုဘာလ ၂၀ ရက်မှ ၂၆ ရက်အထိ မန္တလေး ကွန်ဗားရှင်းစင်တာတွင် မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် ကျောက်မျက်ရတနာပြပွဲကို ကျင်းပသွားမည်ဟု ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်နေလင်း က ပြောသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့က ကြီးမှူး ကျင်းပတဲ့ ယင်းပြပွဲတွင် ကုန်သွယ်ခွန် (၅) ရာခိုင်နှုန်း သက်သာမည့်အပြင် အထူးကုန်စည်ခွန် (၁၅) ရာခိုင်နှုန်းကိုလည်း လျှော့ချသွားမည်ဟုသိရသည်။

အခွန်ဥပဒေထဲမှာဖော်ပြထားတဲ့ အစိုးရကြီးမှူးကျင်းပတဲ့ပွဲမှာဆိုရင် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း လွတ်တယ်၊ တစ်နှစ်အတွင်းမှာ ကုမ္ပဏီတစ်ခုက သိန်းငါးရာထက်မကျော်မှသာ အခွန် ၅ ရာခိုင်နှုန်းလွတ်တယ်၊ အခုက ဒီပွဲတစ်ပွဲထဲမှာပဲ သိန်းငါးရာကျော်သွားရင်လဲ ကုန်သွယ်ခွန်ပေးစရာမလိုပါဘူး”ဟု ဦးကျော်နေလင်း က ပြောသည်။ ကျောက်မျက်အရောင်းအဝယ်အေးသည့်ကာလတွင် မြန်မာနိုင်ငံသားများ အရောင်းဝယ် ဖြစ်အောင်ပြုလုပ်သည့် ပွဲဖြစ်သည့်အပြင် တိုင်းအစိုးရအဖွဲ့မှ အရောင်းအဝယ်ပြုလုပ်သူများ အခွန်သက်သာ အောင် ပြုလုပ်ပေးသည့်ပွဲဖြစ်ကြောင်းသိရသည်။ လာမည့် အောက်တိုဘာလ (၂၀) ရက်တွင် စတင်ပြီး လေ့လာကြည့်ရှုခွင့် (၂) ရက်နှင့် ရောင်းချခွင့် (၄) ရက် သတ်မှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ကျောက်မျက်ရတနာပြပွဲအား မည်သည့်နိုင်ငံသားမဆို လေ့လာကြည့်ရှုနိုင်ပြီး နိုင်ငံခြားသား များကို လေ့လာခွင့်သာပေးမည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံခြားသားကိုတော့ ဂင်ရောက်လေ့လာခွင့်တော့ ပေးမှာပါ၊ ကြည့်ရှုလေ့လာဖို့ကိုလဲ ဖိတ်ခေါ်မှာပါ။ ဒါပေမယ့် လေလံဆွဲခွင့်တော့ မပေးပါဘူးဟု အတွင်းရေးမှူး ဦးကျော်နေလင်းကပြောသည်။ ကျောက်စိမ်းတွဲများအား တင်ဒါဆွဲမည်ဆိုပါက မြန်မာကျပ်ငွေနှင့် ရောင်းချသည့် ပွဲဖြစ်သည့်အတွက် မြန်မာနိုင်သားများသာ တင်ဒါဆွဲရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားပိုင် ကျောက်မျက်ကုမ္ပဏီများ၊ ကျောက်စိမ်း အရောင်းဆိုင်များမှသာဆွဲခွင့်ရှိကြောင်း သိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## မိုးမြေပဲများ လှိုင်လှိုင်ထွက်သော်လည်း မကွေးတိုင်းဒေသကြီး၌ ပဲဆီဈေးမြင့်တက်



မကွေးဒေသတွင် မိုးမြေပဲများလှိုင်လှိုင်ထွက်နေသော် လည်း စားသုံးဆီ(ပဲဆီ)ဈေးနှုန်းများမှာ ထပ်မံမြင့်တက်ခဲ့ ကြောင်း စားသုံးဆီရောင်းချနေသူများထံမှ သိရသည်။ စားသုံးဆီ (မြေပဲဆီ)ဈေးနှုန်းမှာ ယခင်လပိုင်းက ပဲဆီသန့် တစ်ပိဿာ ကျပ် ၆၅၀၀ ဈေး ရှိခဲ့ရာမှ ယခုလပိုင်းတွင် ကျပ် ၇၅၀၀ ဈေးအထိ မြင့်တက်ခဲ့သည်။ မြေပဲစိုက်တောင်သူတွေ မြေပဲ ထွက်ရှိချိန်မှာ အထွက်နှုန်းကောင်းပြီး မြေပဲတောင့်တစ်တင်း လျှင် ကျပ် ၁၅၀၀၀ ဈေးရှိပါတယ်။ မြေပဲသီးနှံ ထွက်ရှိချိန်ဆို ယခင်က ပဲဆီဈေးကျဆင်းခဲ့ပေမယ့် ဒီနှစ်မြေပဲထွက်ရှိချိန်မှာ မြေပဲဆီဈေးတွေမြင့်တက်ခဲ့ပါတယ်။ ယနေ့ စားသုံးဆီဈေးတန်း အနေနဲ့ မြေပဲဆီတစ်ပိဿာ ကျပ် ၇၅၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၇၀၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၁၆၇၀ ဈေးတို့ဖြင့် ရောင်းချနေရပါတယ်ဟု မကွေးမြို့မဈေးကြီးမှ စားသုံးဆီရောင်းချနေသူ ဦးအောင်လှက ပြောဆိုသည်။

စားသုံးဆီကြိတ်ခွဲရာတွင် အသုံးပြုသော မြေပဲနှင့်နှမ်းဈေးတို့မှာ ယနေ့ပေါက်ဈေးအရ စမုန်နက်နှမ်း ၄၅ ပိဿာ ကျပ်

၂၄၃၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ ကျပ် ၁၄၈၀၀၀၊ နှမ်းနီ ၄၅ ပိဿာ ကျပ် ၁၃၅၀၀၀ နှင့် မြေပဲတောင့်တစ်တင်း ကျပ် ၁၅၀၀၀ ဈေးရှိကြောင်း မကွေးကုန်စည်ဒိုင်မှသိရသည်။ ကျွန်မတို့က ဆန်နဲ့ဆီကို တွဲဖက်ရောင်းချတာပါ။ ယခုလပိုင်း နှမ်းဆီ၊ ပဲဆီဈေးတွေ မြင့်တက်ခဲ့တယ်။ ဒီနှစ်ပိုင်း ပဲဈေး၊ နှမ်းဈေးတွေကလည်း ပေါ်စမှာကို ဈေးနှုန်းတွေမြင့်တက်နေတဲ့အတွက် ပဲဆီ၊ နှမ်းဆီဈေးတွေ မြင့်တက်ခဲ့တာလို့ထင်တယ်။ စားသုံးဆီဈေး မြင့်တက်ပေမယ့် အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်ဟု မကွေးမြို့မဈေးကြီးမှ ဆန်၊ ဆီရောင်းချသူ ဒေါ်အေးရင်ကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/128597.html

## All New Toyota Majesty ကို မြန်မာနိုင်ငံဈေးကွက်တွင် စတင်မှာယူနိုင်





ယခုနှစ်အတွင်း ဒုတိယမြောက် မော်ဒယ်အဖြစ်တင်သွင်းလာသော All New Toyota Majesty ကို မြန်မာနိုင်ငံဈေးကွက်တွင် စက်တင်ဘာ ၁၆ ရက်မှစတင်၍ မှာယူနိုင်ပြီဖြစ်သည်။ မော်ဒယ်သစ် Toyota Majesty ကို သုံးစွဲသူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် ပရီမီယံအရည်အသွေးရှိ ခန့်ထည်သည့်ဒီဇိုင်းဖြင့် ပွဲထုတ်ထားသည်။ 2.8 Liter GD အင်ဂျင်ကိုအသုံးပြုထားပြီး အရှိန်နှုန်း ခြောက်မျိုးပြောင်းလဲနိုင်သော အော်တိုထရန်စမစ်ရှင်းစနစ်ကြောင့် ညက်ညောသည့် အရှိန်သွားနှင့်အတူ စိတ်ဖိစီးမှုကင်းသည့် မောင်းနှင်မှုအရသာကိုရရှိနိုင်မည်ဖြစ်သည်။

အကောင်းဆုံးပစ္စည်းများ တပ်ဆင်အသုံးပြုထားသည့် အတွင်းခန်းပါရှိပြီး Captain Seats လေးခုံမှာ ယာဉ်စီးနေစဉ်အတွင်း သက်သောင့်သက်သာရှိမှုနှင့် အသုံးတည့်မှုများကို ခံစားရမည်ဖြစ်သည်။ ကားအတွင်း တိတ်ဆိတ်ငြိမ်သက်မှုရှိ စေရန် Semi Bonnet ခေါင်းရှည်ကိုယ်ထည်ပုံစံဖြင့် ထုတ်လုပ်ထားပြီး အသစ်တီထွင်ထားသော ဆိုင်းထိန်းစနစ်များက လမ်းအခြေအနေအားလုံး၏ တုန်ခါမှု၊ ကြမ်းတမ်းမှုများကိုလျှော့ပေးမည်ဖြစ်သည်။

Toyota Majesty တွင် ကမ္ဘာ့အဆင့်မီ ဘေးကင်းလုံခြုံရေးစနစ်များဖြစ်သော SRS လေအိတ် ၁၀ လုံးနှင့် တိုယိုတာ ဘေးကင်းလုံခြုံရေး အာရုံခံစနစ် (Toyota Safety Sense) များကို ထည့်သွင်းထားသည်။ ၄င်းစနစ်တွင် ယာဉ်တိုက်မှုကို ကြိုတင် အာရုံခံစနစ်၊ အလိုအလျောက်မီးကြီးထိုးစနစ်၊ မောင်းနှင်နေစဉ် လမ်းကြောင်းသွေဖည်သွားပါက ယာဉ်မောင်းသူကို အသံ အချက်ပေးစနစ်၊ သို့မဟုတ် စတီယာရင်ဘီးတုန်ခါမှုနှင့် မီတာခွက်တွင် ဖော်ပြသတိပေးစနစ်နှင့် အရှိန်နှုန်းကို ရေဒါဖြင့် ထိန်းညှိပေးသော စနစ်များပါဝင်သည်။ ပတ်ဝန်းကျင်ရှိယာဉ်များနှင့် မိမိတို့မျက်နှာခြင်းဆိုင်မှလာနေသော ယာဉ်များပေါ် မူတည်၍ မီးအနိမ့်အမြင့်ကို အလိုအလျောက်ချိန်ညှိပေးသည့်စနစ်ပါရှိပြီး ညဘက်တွင် မြင်နိုင်စွမ်းနှင့် ဘေးကင်းလုံခြုံမှု

တို့ကိုလည်း တိုးမြှင့်ပေးထားသည်။ ဒိုင်နမစ်ရေဒါကားအရှိန်နှုန်းထိန်း (DRCC) က ယာဉ်မောင်းနေစဉ်အတွင်း ရှေ့ကားနှင့် စိတ်ချရသည့် အကွာအဝေးကိုထိန်းပေးပြီး ကြိုတင်သတ်မှတ်ထားသည့် မြန်နှုန်းအတိုင်း အလိုအလျောက် ချိန်ညှိပေးမည် ဖြစ်သည်။ ယာဉ်တည်ငြိမ်မှုထိန်းချုပ်စနစ်နှင့် ဘရိတ်ဖမ်းရာတွင် လျှော့ကျမသွားသော (ABS) စနစ်တို့လည်းပါဝင် သည်။ ထို့ပြင် အယ်လ်အီးဒီ နှင်းခွဲရှေ့မီးများ၊ ၁၇ လက်မရှိ အလွိုင်းဘီးများ၊ အလိုအလျောက် လေအေးပေးစက်နှစ်လုံး၊ သစ်သားဖြင့် အလှဆင်ထားသည့် ဘက်စုံသုံးနိုင်သည့် စတီယာရင်ဘီးနှင့် စမတ်ဖုန်းတစ်လုံး၏ လုပ်ဆောင်ချက်များကဲ့သို့ သုံးနိုင်သည့် ခုနစ်လက်မ အကျယ်ရှိသော ဖန်သားပြင်တို့က မောင်းနှင်သူကို စိတ်ကျေနပ်မှု ပေးစွမ်းနိုင်မည်ဖြစ်သည်။

Toyota Majesty မှာတစ်ယောက်ထိုင်သီးသန့်ခုံ လေးခုံပါဝင်သည့် ၁၀ ယောက်စီးကားဖြစ်သည်။ ရှေ့အလယ်ခုံကို ပစ္စည်းထားရန်နေရာအဖြစ် ခေါက်ထားနိုင်ပြီး နောက်ဆုံးခုံတန်းများကိုလည်း ခရီးသွားစဉ် ခရီးဆောင်အိတ်များတင်ဆောင်ရန် ခေါက်ထားနိုင်သည်။ အရောင်အားဖြင့် အပြင်ပိုင်း အရောင်ငါးရောင်နှင့် အတွင်းခုံနှစ်ရောင်တို့ကို ရွေးချယ်ဝယ်ယူနိုင် သည်။ ဒီမော်ဒယ်ကတော့ ဒီနှစ်အတွက် တိုယိုတာအနေနဲ့ မြန်မာနိုင်ငံကို ဒုတိယမြောက်တင်သွင်းလာတဲ့ မော်ဒယ်သစ် ဖြစ်ပါတယ်။ ဈေးနှုန်းကတော့ အမေရိကန်ဒေါ်လာ ၅၈၃၀၀ ဖြစ်ပါတယ်ဟု တိုယိုတာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုမော်ဒယ်လ်သစ်ကို အရစ်ကျဝယ်ယူနိုင်ပြီး အာမခံသုံးနှစ် သို့မဟုတ် ကီလိုမီတာ ၁၀၀၀၀၀ ပါရှိသည်။ တိုယိုတာ၏ တရားဝင်အရောင်းကိုယ်စားလှယ်များမှလည်း အထူးအရောင်းပြပွဲများကို စက်တင်ဘာ ၁၈ မှ ၂၂ ရက်အတွင်း ဂျန်းရှင်းစီးတီးနှင့် စက်တင်ဘာ ၂၀ မှ ၂၂ အတွင်း ဂျန်းရှင်းစကွဲတို့တွင် ပြုလုပ်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/128581.html

## ကုန်သွယ်ရေးလမ်းကြောင်းပွင့်သွားသော်လည်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် သိသာစွာပြောင်းလဲမှုမရှိဟုဆို



မန္တလေး-မူဆယ်ကုန်သွယ်ရေးလမ်းကြောင်းသည် စက်တင်ဘာ ၅ ရက်နောက်ပိုင်း လမ်းပိုင်းပွင့်ကာ ကုန်တင်ယာဉ်များသွားလာနိုင်ပြီဖြစ်သော်လည်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် တရုတ်ပို့ကုန်သီးနှံအချို့ သိသာစွာ ဈေးကွက်အပြောင်းအလဲမရှိကြောင်း မန္တလေးကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမျိုးဆွေကပြောဆိုသည်။ အသစ်ပေါ်နေသော သီးနှံများဖြစ်သည့် နှမ်းမှာ မကွေးတိုင်းဒေသကြီးနှင့် မြေပဲမှာ ကျောက်ပန်းတောင်းမြို့နယ်မှထွက်ရှိကာ ဈေးချရောင်းနေပြီး လက်ကျန်နည်းနေသော ပဲတီစိမ်းမှာ ဈေးမြင့်တက်သည် ဆိုသော်လည်း ပေါ်ဦးစဈေးနှုန်းသို့ မရောက်သေးကြောင်းသိရသည်။

မူဆယ်လမ်းပွင့်တော့ ဈေးကောင်းတာ မကောင်းတာထက်ကုန် ပစ္စည်းတင်ပို့မှုကတော့ အဆင်ပြေသွားပြီး။ ဈေးကွက် အပြောင်းအလဲ ကြီးကြီးမားမားမရှိဘူး။ တရုတ်ဘက်ဝယ်နေပေမယ့် ဈေးကွက်မှာက နှမ်းနဲ့မြေပဲက ဈေးကောင်းမရဘူး။ ဘာလို့လဲဆိုတော့ ကုန်သစ်ပေါ်၊ အဝင်များဈေးကျပေါ့။ ပဲတီစိမ်းကတော့ ပစ္စည်းနည်းပဲကျန်တော့လို့ ဈေးတက်တယ်။ မြေပဲနဲ့နှမ်းဆိုရင် ဈေးနည်းနည်းကျသွားတယ်ဟု ၎င်းကပြောဆိုသည်။

တရုတ်ပို့ကုန်သီးနှံသုံးမျိုးတွင် နှမ်းနက်နှင့် မြေပဲမှာ ပြည်တွင်း၌ အသစ်ပေါ်ချိန်ဖြစ်နေသောကြောင့် ဝယ်လိုအားထက် ဈေးကွက်ဝင် ရောက်မှုများပြားနေခြင်းကြောင့် ဈေးကွက်အကျဘက်ရောက်နေပြီး ပဲတီစိမ်းမှာ ပြည်တွင်းတောင်သူနှင့်

လျှောင်လက်များထံ ပစ္စည်းနည်းနေသဖြင့် ယခင်အပတ်ထက် ဈေးကောင်းခဲ့ရာ တစ်အိတ်လျှင် ကျပ် ၃၀၀၀ ၊ ၄၀၀၀ ဝန်းကျင် ဈေးမြင့်ခဲ့ကြောင်းသိရသည်။ ပဲတီစိမ်းကတော့ ပစ္စည်းနည်းတော့ ဈေးကောင်းရတယ်။ ရိုးရိုးက ကျပ်တစ်သိန်း ခုနစ်ထောင်နဲ့ ဒုတိယတန်းစားက တစ်သိန်းသုံးသောင်းပေါက်တယ်။ တစ်အိတ်ကို ၄၀၀၀ လောက်ဈေးမြင့်တာက အသစ်ပေါ်ချိန်ပေါက် ဈေးကို မရောက်လာသေးဘူး။ လမ်းပိုင်းပွင့်တော့ တရုတ်ဘက်ပို့နေကြပေမယ့်ကုန်တင်ကားခတွေလည်း တက်တယ် ကြားတယ်ဟု ၎င်းကပြောဆိုသည်။ ပြည်ကြီးမဏ်လာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုအဖွဲ့(မန္တလေး)မှ တန်ဆာခက ဒီနေ့ တစ်ပိဿာကို ၃၃ ကျပ်ဝန်းပါ။ ဈေးကတော့ ပြောင်းလဲနေပေမယ့် အများကြီးမကွာဘူး။ တချို့ ၃၅ ကျပ်ပေါ့။ လွန်ခဲ့တဲ့အပတ်က တန်စာခကျပ် ၅၀ ကျော်ထိဖြစ်ခဲ့သေးတယ်။ တိုက်ပွဲဖြစ်ချိန်မှာ ၂၇ ကျပ်ပဲရှိတာကအတက် ကုန်မရှိလို့ ဈေးမတက်ခဲ့ဘူးဟု ပြောဆိုသည်။ တရုတ်ပို့ကုန်သီးနှံဈေးကွက်တွင် မြေပဲလုံးဆန်တစ်ပိဿာကျပ် ၄၅၀၀၊ ဈေးတူနေပြီး လုံးဆန်ဖြူတစ်ပိဿာ ကျပ် ၃၈၀၀၊ ဆီကြိတ်မြေပဲဆန် ကျပ် ၃၆၅၀မှ ကျပ် ၃၄၀၀ သို့အနည်းငယ်ကျဆင်းကြောင်း၊ နှမ်းဖြူ နှမ်းညိုနှင့် နှမ်းနက်တို့မှာ ယခင်တစ်ပတ်ကဈေးထက် တစ်တန်လျှင် ပျမ်းမျှတစ်သိန်းကျော် ဈေးကျခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128537.html

## ကသာတွင် မြေပဲနှင့်နှမ်း ဆီထွက်သီးနှံဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကသာမြို့တွင် မြေပဲနှင့် နှမ်းဆီထွက် သီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ မြေပဲနှင့်နှမ်း ဆီထွက်သီးနှံကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက် စေရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်တွင် ကသာမြို့ ကြိုက်ခန်းမ၌ ကျင်းပခဲ့သည်။ ကသာမှာ ထူးထူး ခြားခြား ဆီထွက်သီးနှံအသင်းအဖွဲ့ဆိုတာရှိတယ်။ အဲဒီအသင်းလေးက သူ့ဟာသူလုပ်နေတဲ့ဟာကို ကျွန်တော်တို့က နည်းပညာပိုင်း ထပ်ဖြည့်ပေးတဲ့သဘောနဲ့ အလုပ်ရုံဆွေးနွေးပွဲကျင်းပတာပါ။ သူတို့ဆီထွက်သီးနှံလုပ်ငန်းလေးတွေ အောင်မြင်အောင် အစိုးရဘက်ပိုင်းက လုပ်နိုင်တဲ့ဟာလေးတွေ ကို ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးအတွက် လုပ်ပေးတာပေါ့ဟု ဦးအောင်မောင်းက ပြောသည်။

ကသာမြို့တွင် မြေပဲစိုက်ဧက ရှစ်သောင်းကျော်ရှိပြီး မြေပဲနှင့်နှမ်းဆီထွက်သီးနှံကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲ၌ မြေဂရန်ရရှိရေး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ သင်တန်းပို့ချရေး၊ ကုန်စည်ဒိုင် ဖွင့်လှစ်ရေး၊ သီးနှံဈေးကွက်ခိုင်မာရေး၊ စိုက်ပျိုးစရိတ်ချေးငွေကို စိုက်ချိန်အမီ ထုတ်ပေးရေးစသည့် တောင်သူများ၏အခက်အခဲကို တောင်သူများက တင်ပြဆွေးနွေးခဲ့ကြောင်း ကသာခရိုင်စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းပိုက ပြောသည်။

ယခင်က မြေပဲတစ်ဧကလျှင် တင်း ၇၀ မှ တင်း ၈၀ အထိ ထွက်သော်လည်း ယခုအခါ တစ်ဧက တင်း ၃၀ မှ ၃၅ တင်း သို့ ကျဆင်းသဖြင့် တောင်သူများ ဝင်ငွေလျော့နည်းလာသည်။ တစ်ဧကစိုက်လျှင် မျိုးစေ့နှင့်လုပ်သားစရိတ်၊ သွင်းအားစု များက ကျပ်သုံးသိန်းနှစ်သောင်းခန့်ကုန်ကျပြီး တစ်ဧက ၃၅ တင်းထွက်ကာ တစ်တင်းလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ရောင်းချလျှင် ကျပ်သုံးသိန်းခွဲခန့် ဝင်ငွေပြန်ရသောကြောင့် တောင်သူများသည် တစ်ဧကစိုက်လျှင် အကျိုးအမြတ် ကျပ်နှစ်သောင်းကျော်၊ သုံးသောင်းခန့် ရရှိမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိမည့် မျိုးကောင်းမျိုးသန့်များ၊ ပိုးမွှားနှိမ်နင်းရေး၊ ရောဂါ ကာကွယ်ရေးနှင့် သီးနှံအထွက်ကောင်းမွန်မည့်နည်းလမ်းများ ဆွေးနွေးခဲ့ကြောင်း ဦးမြင့်သိန်းကပြောသည်။ ကသာဖုန် ပဲစိုက် တောင်သူများအသင်းကို ၂၀၁၄ စက်တင်ဘာ ၁၆ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင် ၄၇၈ ဦးရှိကြောင်း မှတ်တမ်း များတွင် ဖော်ပြထားသည်။

**Source:** https://7daydaily.com/story/166569

# STOCK EXCHANGE (20.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 20th Sep. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 1,288 | 15,253,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,400 | 3,985 | 17,772,500 | 38,929,150 | 175,181 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,200 | 181 | 1,500,400 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | +0 | +0.00% | 26,000 | 26,500 | 26,000 | 1,194 | 31,147,500 | 2,472,053 | 64,273 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 631 | 1,925,400 | 12,823,224 | 39,111 |

## Market summary

As of 20th Sep. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 504.84 | -0.47 | -0.09% | 505.31 | 505.31 | 491.95 | 7,279 | 67,598,800 | 5 | 691,286 |

### Index chart




## Market Overview

As of 1:00 pm, 20th Sep. 2019

| MYANPIX | 504.84 ▼0.47 |
|---|---|
| Total Volume (shares) | 7,279 |
| Total Value (MMK) | 68 mil |
| Listed Company | 5 |
| Market Cap. (MMK) | 691,286 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 4,500 | ▲0 |
| MCB | 00003 | 8,400 | ▲0 |
| FPB | 00004 | 26,000 | ▲0 |
| TMH | 00005 | 3,050 | ▼50 |